လျှို့ဝှက်

# စက်မှုဝန်ကြီးဌာန

## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပဆောင်ရွက်မှု အခြေအနေတင်ပြချက်အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ရက်

လျှို့ဝှက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ | ၁-၃ |
| ၄။ | ဆွေးနွေးတင်ပြချက်များ | ၃ |
| ၅။ | ရှင်းလင်းဆွေးနွေးချက်များ | ၃-၄ |
| ၆။ | လမ်းညွှန်မှာကြားချက်များ | ၄-၈ |
| ၇။ | MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ | ၈ |
| ၈။ | နိဂုံး | ၉ |
| ၉။ | နောက်ဆက်တွဲများ | |
| | - နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ၏အခမ်းအနားအစီအစဉ် | နောက်ဆက်တွဲ (က) |
| | - အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ၏ဆွေးနွေးတင်ပြချက်များ | နောက်ဆက်တွဲ (ခ) |
| | - လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ | နောက်ဆက်တွဲ (ဂ) |
| | - တွေ့ဆုံဆွေးနွေးပွဲ ၊ ဒေသထုတ်ကုန်ပစ္စည်းများခင်းကျင်း ပြသထားမှု နှင့် လှည့်လည်အားပေးကြည့်ရှုခြင်း မှတ်တမ်းဓာတ်ပုံများ | နောက်ဆက်တွဲ(ဃ) |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များတွေ့ဆုံပွဲ ကျင်းပဆောင်ရွက်မှုအခြေအနေတင်ပြချက်အစီရင်ခံစာ

## နိဒါန်း

၁။ ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ၊ MSME လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးချက်များ၊ ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသခဲ့မှု အခြေအနေအား အစီရင်ခံ တင်ပြခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ ကချင်ပြည်နယ်အတွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းရှင်များ၏ အခက်အခဲများ ၊ လိုအပ်ချက်များကို နိုင်ငံတော် မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်လာနိုင်ပြီး နိုင်ငံ့စီးပွားမြှင့်တင်စေရန် ၊ အလုပ်အကိုင်အခွင့်အလမ်း နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုတက်မှုများ ရရှိလာစေရန် ရည်ရွယ်ပါသည်။

## အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ

၃။ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ(၁၃)ရက် မွန်းလွဲ(၁၂:၃၀)နာရီအချိန်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားနှင့် ဒေသထွက် MSME ထုတ်ကုန်ပြပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲနှင့် ဒေသထုတ်ကုန်ပြပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးထွန်ထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး မှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များ နှင့် တာဝန်ရှိသူများ၊ ပြည်နယ်ခရိုင်၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာ(၁၀၆)ဦး၊ အသင်းအဖွဲ့နှင့် MSME လုပ်ငန်းရှင် (၁၂၈)ဦး ၊ စုစုပေါင်း(၂၆၀)ဦးခန့် တက်ရောက်ခဲ့ကြပြီး ကချင်ပြည်နယ်အတွင်းရှိ ဒေသထွက်ကုန် ပစ္စည်းပြခန်း(၁၀)ခန်းအား ခင်းကျင်းပြသခဲ့ပါသည်။

၅။ အခမ်းအနားကို အစီအစဉ်(၈)ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ပထမဦးစွာ ကချင်ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ မြစ်ကြီးနားစီးပွားရေးဖွံ့ဖြိုးရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စက်မှုရပ်ကွက် ကော်မတီဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် စက်မှုရပ်ကွက်အတွင်း စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ချေးငွေများထုတ်ပေးမှုနှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ One Village One Product ထုတ်လုပ်နိုင်ရေး ဒေသအလိုက် ထုတ်ကုန်အမယ်သတ်မှတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု စသည့်အခြေအနေများကို ရှင်းလင်းတင်ပြပါသည်။ ဆက်လက်ပြီး ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနက်လုပ်ငန်းရှင်(၇)ဦး နှင့်ကချင်အထူးဒေသ(၁)မှ ဦးဇခုန်ယိန်း

ဆောင်တို့မှ လုပ်ငန်းလိုအပ်ချက်များကို အသီးသီးတင်ပြခဲ့ကြပြီးနောက် အဆိုပါဆွေးနွေး တင်ပြချက်များအပေါ်သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်တို့မှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များ ကို လမ်းညွှန်မှာကြားခဲ့ပါသည်။ အခမ်းအနားအစီအစဉ်အား **နောက်ဆက်တွဲ(က)** ဖြင့် တင်ပြအပ်ပါသည်။

## ဆွေးနွေးတင်ပြချက်များ

၆။ တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသော လုပ်ငန်းရှင်များအနက်မှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်(၇)ဦးနှင့် ကချင်အထူးဒေသ(၁) တာဝန်ရှိသူတို့မှ ၎င်းတို့၏ လုပ်ငန်းအခြေအနေများနှင့် လက်ရှိ၎င်းတို့ရင်ဆိုင်တွေ့ကြုံနေရသော အခက်အခဲများဖြစ်သည့် မတည်ရင်းနှီးငွေလိုအပ်ချက်များ၊ ပြည်ပသို့ ကုန်ချောတင်ပို့မှုများအား အခွန်ကင်းလွတ်ခွင့်ရရှိစေရေး၊ စက်မှုဇုန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေး၊ ကွန်ကရစ်လမ်း တိုးချဲ့ဖောက်လုပ်ပေးနိုင်ရေး၊ ကန်ပိုက်တည်မြို့ကွက် ဧရိယာတိုးချဲ့ပေးနိုင်ရေး၊ မြေယာကိစ္စ၊ စက်သုံးဆီကိစ္စ စသည့် တင်ပြချက်(၁၃)ချက်အား ဆွေးနွေးတင်ပြခဲ့ကြပါသည်။ ဆွေးနွေး တင်ပြချက်များကို **နောက်ဆက်တွဲ(ခ)** ဖြင့် တင်ပြအပ်ပါသည်။

## ရှင်းလင်းဆွေးနွေးချက်များ

၇။ လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက နယ်စပ်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်၍ လူသားအရင်းအမြစ်များမွေးထုတ်ပေးလျက်ရှိမှု၊ လမ်းပန်း ဆက်သွယ်မှုလျှင်မြန်ချောမွေ့ရေးမှအစ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တွေ့ဆုံဆွေးနွေး ပွဲများပြုလုပ်ကာ လိုအပ်သည်များကို ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတစ်ရပ်ထူထောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသများသို့ ရင်းနှီးမတည်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ချေးငွေ

နှင့်ပတ်သက်၍ နိုင်ငံတော်မှ ခေါင်းစဉ်အမျိုးမျိုးဖြင့် ထုတ်ပေးထားသည့် ချေးငွေများကို သတ်မှတ်ကာလ အပိုင်းအခြားနှင့်အညီ အချိန်မီပြန်လည်ပေးဆပ်ရန်လိုအပ်မှု၊ နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်သည်မှန်သမျှကို လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ပေးရန် အသင့်ရှိသည့် အတွက် လုပ်ငန်းရှင်များမှလည်း မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်မှု၊ MSME လုပ်ငန်းများ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာလျှင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုအပ်မှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ပြန်လည် ဆွေးနွေးပြောကြားခဲ့ပါသည်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးချက်များကို **နောက်ဆက်တွဲ(ဂ)** ဖြင့် တင်ပြအပ်ပါသည်။

၈။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပါသည်။

## လမ်းညွှန်မှာကြားချက်များ

၉။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် ယခုကဲ့သို့ လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးသို့သွားရောက်၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် MSME လုပ်ငန်းများမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံသာမက ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် ပြည်တွင်းစီးပွား ရေးလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSME လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးပါသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတွင် ၂၀၁၈ ခုနှစ်မှ စတင်၍ စီးပွားရေးဆိုင်ရာနှင့် ကုန်သွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုများ၌ အားနည်းချက်များရှိခဲ့ခြင်းကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ရကြောင်း၊ နိုင်ငံခြားဝင်ငွေများ ရရှိခြင်းမရှိခဲ့ဘဲ ပြည်ပမှသွင်းကုန်များကို တင်သွင်းခဲ့မှုများကြောင့်

ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ Non Trade လုပ်ငန်းများမှ ရရှိသည့် ငွေကြေး များဖြင့် သွင်းကုန်များ တင် သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှု မရှိခဲ့ဘဲ ပြည်ပသွင်းကုန်ကိုသာ အားထားဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေ အများအပြားရှိခဲ့ပြီး တိုင်းပြည်အတွက် စိုးရိမ်ဖွယ်ရာအနေအထားသို့ရောက်ရှိခဲ့ကာ ကြွေးမြီ အများအပြား ဖြစ်ပေါ်ခဲ့ကြောင်း ဆွေးနွေးပြောကြားပါသည်။

၁၀။ ဆက်လက်၍ မိမိတို့အနေဖြင့် လက်ရှိနိုင်ငံ့တာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်ပမှ ချေးငွေနှင့်အထောက်အပံ့များ ရရှိမှုမရှိသော်လည်း ပြည်ပချေးငွေများကို ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံ၏စီးပွားရေးမှာ အထိုက်အလျောက် ပြန်လည်မြင့်တက်လာပြီဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုစီးပွားရေးကို အားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်စီးပွားရေး တစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဆိုပါ က ဝယ်လိုအားတက်လာမည်ဖြစ်ကြောင်း၊ ငွေကြေးလည်ပတ်မှုများကောင်းမွန်လာပြီး ကုန်ထုတ် လုပ်မှုများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုး တက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးအားပေးရန်၊ ပြည်ပသွင်းကုန်အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၁၁။ ဆက်လက်ပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သကဲ့သို့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည်လည်း အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအားလျှပ်စစ်များထုတ်လုပ်မည်ဆိုပါက မဂ္ဂါဝပ် ၄ သောင်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းများရပ်တန့်ခဲ့ရကြောင်း၊ ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် အရင်းအမြစ်များစွာ ရှိပြီးဖြစ်သဖြင့် အကျိုးရှိစွာအသုံးချစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အချိန်ကာလတစ်ခုအထိ ကြာမြင့်ပြီး ရင်းနှီး

မြှုပ်နှံမှုများစွာဖြင့် ဆောင်ရွက်ရကြောင်း၊ လျှပ်စစ်ဓာတ်အား လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားအသုံးပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ တစ်ဖက်မှလည်း လျှပ်စစ်ဓာတ်အားများကို ချွေတာသုံးစွဲကြရန်လိုကြောင်း၊ အလားတူ မိမိတို့အနေဖြင့် စက်သုံးဆီများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရမှုကြောင့် နိုင်ငံခြားငွေသုံးစွဲမှုများ များစွာကုန်ကျလျက်ရှိကြောင်း၊ ထို့ကြောင့် စက်သုံးဆီများကို တတ်နိုင်သမျှ ချွေတာသုံးစွဲရန်လိုကြောင်း၊ စက်သုံးဆီ သုံးစွဲရန်မလိုအပ်သည့် စက်ဘီးကဲ့သို့သောယာဉ်များကို တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် အသုံးပြုကြစေလိုကြောင်း၊ ကုန်စည်ပို့ဆောင်ရေးတွင်လည်း စက်သုံးဆီသုံးစွဲမှုနည်းပါးပြီး ကုန်စည်များစွာကိုပို့ဆောင်နိုင်သည့် ရထားဖြင့်သယ်ယူပို့ဆောင်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းချွေတာသုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေကုန်ကျမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

၁၂။ ဆက်လက်၍ ကုန်ဈေးနှုန်းမြင့်တက်မှုမှာ ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမြင့်ခြင်း၊ သယ်ဆောင်မှုစရိတ်မြင့်မားခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုမရှိခြင်းများကြောင့် ဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် ရေခံမြေခံကောင်းများကိုပိုင်ဆိုင်ပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုအောင်မြင် ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်ကြောင်း၊ ပြည်တွင်း၌ထုတ်ကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါကကုန်ဈေးနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများအားလုံး တိုးတက်လာစေရန်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ အကျိုးစီးပွားမှ နိုင်ငံ့အကျိုးစီးပွားကို တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ကချင်ပြည်နယ်အတွင်း တစ်ဦးချင်းအကျိုးစီးပွားထက် အများ၏အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ ကချင်ပြည်နယ်အတွင်း ရာဘာစိုက်ပျိုးမှုများသဖြင့် ရာဘာထွက်ကုန်များဖြင့် တာယာများနှင့် အခြားလူသုံးကုန်ပစ္စည်းများကိုထုတ်လုပ်နိုင်ကြောင်း၊ ဒေသတွင်း လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်၍ တန်ဖိုးမြင့်ထုတ်ကုန်များကိုထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ပါ ပြန်လည်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း ဝါးနှင့်သစ်များ ပေါများစွာရှိကြောင်း၊ အဆိုပါ သစ်နှင့်ဝါး

များကိုအသုံးပြု၍ စက္ကူပျော့ဖတ်များထုတ်လုပ်ပြီး နိုင်ငံ၏စက္ကူလိုအပ်ချက်ကို ဖြည့်တင်းနိုင်ကြောင်း၊ ဝါးကိုအခြေခံသည့် အခြားလူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ဝါးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်မည်ဆိုပါက နိုင်ငံတော်မှ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ကချင်ပြည်နယ်အတွင်းမှ ထွက်ရှိသည့်သစ်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဒေသတွင်းဆန်ဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးရေးတွင် အဓိကအခြေခံအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်မှုရှိရေး စသည့် မျိုး၊ မြေ၊ ရေ နည်းလေးမျိုးကို စနစ်တကျဖြင့် အသုံးချဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးကေများတိုးချဲ့ စိုက်ပျိုးခြင်းထက် တစ်ကေချင်း အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း မိရိုးဖလာ မွေးမြူရေး လုပ်ငန်းများအစား လှောင်၍ မွေးမြူသည့်စနစ်ဖြင့် စနစ်တကျ မွေးမြူမည်ဆိုပါက မွေးမြူရေးထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သောကြောင့် နိုင်ငံခြားဝင်ငွေများရရှိပြီး ဒေသနှင့် နိုင်ငံအတွက်အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားခဲ့ပါသည်။

၁၃။ ဆက်လက်၍ MSME လုပ်ငန်းများအောင်မြင်စေရေးအတွက် အဓိကလိုအပ်ချက်မှာ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းတို့ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး ဒေသတွင်းအလွယ်တကူရရှိနိုင်သည့် ကုန်ကြမ်းများကိုသုံးစွဲ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး အခြေခံပညာများမြှင့်တင်ရေးအတွက် အစိုးရမှ တတ်နိုင်သည့်ဘက်မှ အားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ အဆင့်မြင့်ပညာရေးမြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးကို မြှင့်တင်ခြင်းသည် လူတစ်ဦးချင်း၏ အနာဂတ်၊

တိုင်းပြည်၏အနာဂတ်ကို မြှင့်တင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးမြှင့်တင်မှုများကို မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံလုပ်ငန်းရှင်များမှလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းဆွေးနွေးပြောကြားခဲ့ပါသည်။

**MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ**

၁၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားအစီအစဉ်မှာ ညနေ (၁၆:၁၀) နာရီအချိန်တွင် ပြီးမြောက်ခဲ့ပြီး MSME လုပ်ငန်းရှင်များ၏ဒေသထုတ်ကုန်များခင်းကျင်းပြသထားရှိမှုကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ပါသည်။ ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ၏ ဒေသထုတ် စားသောက်ကုန်လုပ်ငန်းများဖြစ်သည့် သစ်ကြားသီး၊ နွားနို့၊ ဒိန်ချဉ်၊ ဆားမုန့်၊ ဝိုင်အမျိုးမျိုး ၊ ပေါင်မုန့် / ကိတ်မုန့်၊ ရှီးပတီးပျားရည်စိမ်၊ ငါးပေါက်သီးယို၊ ဂရိတ်ဖရုယို၊ ဒေသထွက် သစ်သီးဝလံများ၊ ကချင်ရိုးရာစားသောက်ကုန်များ၊ တိရိစ္ဆာန်အစာအဖြစ်သော ပြောင်းချဉ်ဖတ်လုပ်ငန်း၊ လူသုံးကုန်ပစ္စည်း များဖြစ်သော ကချင်ရိုးရာအထည်လုပ်ငန်း၊ ပိုးချည်လုပ်ငန်း၊ သစ်သား ပန်းပုလုပ်ငန်း၊ ဝါးလက် မှုလုပ်ငန်း၊ စက္ကူနှင့်ဂျပ်ဖာလုပ်ငန်း၊ ပယင်းနှင့်ပတ်သက်သော ကျန်းမာရေး ထုတ်ကုန်လုပ်ငန်း၊ ပယင်း နှင့် ကျောက်စိမ်းလက်ဝတ်ရတနာလုပ်ငန်း၊ ဒေသထွက်တိုင်းရင်းဆေးအမျိုးမျိုးနှင့် ဆေးပင်အမျိုးမျိုး စသည့် ခင်းကျင်းပြသထားသော ပြခန်း (၁၀) ခန်းအား လှည့်လည် ကြည့်ရှုအားပေး၍ ညနေ (၁၆:၃၀) နာရီအချိန်တွင် အစီအစဉ်အားလုံးပြီးဆုံးခဲ့ပါသည်။ ဆွေးနွေးပွဲအခမ်းအနား၊ ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုနှင့် လှည့်လည်အားပေးကြည့်ရှုခြင်း မှတ်တမ်းဓာတ်ပုံများ အား **နောက်ဆက်တွဲ(ဃ)** ဖြင့်တင်ပြအပ်ပါသည်။

**နိဂုံး**

၁၅။ ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် MSME လုပ်ငန်းရှင်များ လိုအပ်နေသည့် မတည်ရင်းနှီးငွေလိုအပ်ချက်များ၊ ပြည်ပသို့ ကုန်ချောတင်ပို့မှုများအား အခွန်ကင်းလွတ်ခွင့်ရရှိစေရေး၊ စက်မှုဇုန်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး၊ ကွန်ကရစ်လမ်း တိုးချဲ့ဖောက်လုပ်ပေးနိုင်ရေး၊ ကန်ပိုက်တည်မြို့ ကွက်ဧရိယာ တိုးချဲ့ပေးနိုင်ရေး၊ မြေယာကိစ္စ၊ စက်သုံးဆီကိစ္စနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒေသဆိုင် ရာ ဌာနအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

**နောက်ဆက်တွဲ(က)**

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက် ၊ အင်္ဂါနေ့ ( ၁၂ : ၃၀ ) နာရီအချိန်၊ မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ကချင်ပြည်နယ် အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနား အစီအစဉ်**

**အစီအစဉ်(၁)။** အခမ်းအနားစတင်ကြောင်း ကြေညာခြင်း။

**အစီအစဉ်(၂)။** ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေတင်ပြခြင်း။

**အစီအစဉ်(၃)။** တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များမှ တင်ပြခြင်း။

(က) ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ယုဇနမြိုင်ကျေးရွာ၊ “ စွမ်းအင်ပြည့်လျှံ ” အဆင့်မြင့်လောင်စာတောင့်လုပ်ငန်းရှင် **ဦးအောင်သန်းထွန်းဦး** မှ ဆွေးနွေးတင်ပြခြင်း။

(ခ) ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မြို့သစ်ကြီးရပ်ကွက်၊ “ ရွှေအုပ်ဆောင်း” ပယင်းကျန်းမာရေးထုတ်ကုန်လုပ်ငန်းရှင် **ဒေါ်နီနီလွင်** မှ ဆွေးနွေးတင်ပြခြင်း။

(ဂ) ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ စက်မှုရပ်ကွက်၊ “ ဖြိုးဝေဝေ ” စက္ကူ Recycling လုပ်ငန်းရှင် **ဦးဘဂျင်မင်** မှဆွေးနွေးတင်ပြခြင်း။

(ဃ) ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာ၊ “ မနောမြေ ” စက်ရက္ကန်းလုပ်ငန်းရှင် **ဦးသန်းဝင်း** မှ ဆွေးနွေးတင်ပြခြင်း။

**အစီအစဉ်(၄)။** ကချင်ပြည်နယ်၊ ချီဖွေ ၊ ပန်ဝါဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား **ဦးဇခုန်ယိန်းဆောင် မှ** ဆွေးနွေးတင်ပြခြင်း။

**အစီအစဉ်(၅)။** အထွေထွေ ဆွေးနွေးခြင်း။

**အစီအစဉ်(၆)။** တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ ပြန်လည်ဆွေးနွေးတင်ပြခြင်း။

**အစီအစဉ်(၇)။** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ် **ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်** က အမှာစကားပြောကြားခြင်း။

**အစီအစဉ်(၈)။** အခမ်းအနားပြီးမြောက်ကြောင်းကြေညာခြင်း။

**နောက်ဆက်တွဲ(ခ)**

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များ

**ဦးအောင်သန်းထွင်ဦး ( “ စွမ်းအင်ပြည့်လျှံ ” အဆင့်မြင့် မီးသွေးတောင့်လုပ်ငန်း )**

၁။ ကျွန်တော်၏လုပ်ငန်းမှာ အဆင့်မြင့်မီးသွေးတောင့်များထုတ်လုပ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသော လုပ်ငန်းဖြစ်ပါသည်။ ကိုဗစ်ကာလမှစ၍ ကန့်ပိုင်တည်နယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းများပိတ်ဆို့သွားသဖြင့် လုပ်ငန်းများရပ်တန့်သွားပြီး စက်ရုံရပ်နားထားခဲ့ရပါသည်။ ယခုအချိန်တွင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ ကုန်သွယ်မှုကို အနည်းငယ် ဖြေလျော့ပေးလာခဲ့သည့်အတွက် လုပ်ငန်းပြန်လည်လည်ပတ်ရန် လုပ်ဆောင်နေပါသည်။ ယခုအချိန်တွင် စက်ရုံလည်ပတ်နိုင်ရန်အခက် အခဲများစွာရှိပါသည်။ ထို့ကြောင့် MSME များအနေဖြင့် လုပ်ငန်းလည်ပတ်နိုင်ရန် အင်မတန်မှ ကြိုးစားရုန်းကန်နေကြရပါသည်။ ထိုသို့ အခက်အခဲများစွာရှိလာသည်နှင့်အမျှ နိုင်ငံတော်၏အကူအညီများကို MSME များအနေဖြင့် များစွာအကူအညီလိုအပ်လျှက် ရှိပါသည်။ Myanmar Charcoal (အဆင့်မြင့်မီးသွေး) အနေဖြင့် ကြုံတွေ့နေရသော အခက်အခဲများကို အနည်းငယ်တင်ပြလိုပါတယ်-

(၁) နိုင်ငံတော်မှ လုပ်ငန်းအမျိုးအစားအလိုက် အမှန်တကယ် လိုအပ်လျှက်ရှိသော ချေးငွေပမာဏများကို ထုတ်ချေးစေလိုပါတယ်။

(၂) တရုတ်ပြည်ဘက်မှ(အဆင့်မြင့်မီးသွေး)အပေါ် ကောက်ခံနေ သောအခွန်သည် ၁ တန်ကို ၂၅၀ ယွမ် ကောက်ခံနေပါသည်။ ထိုကောက်ခံလျှက်ရှိသော တရုတ်အခွန်သည် တရုတ် + အာဆီယံ သဘောတူညီထားသည့် HSE Code : 4402900 အမျိုးအစားသည် အခွန်ကင်းလွတ်ခွင့်ရရှိသည့် အမျိုးအစားဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှလည်း အခွန်ကင်းလွတ်ခွင့်ရရှိအောင် အကူအညီ ပေးစေလိုပါတယ်။

(၃) (အဆင့်မြင့်မီးသွေး) သည်အခြားနိုင်ငံများတွင် တွင်တွင်ကျယ်ကျယ် ထုတ်လုပ်တင်ပို့ရောင်းချသုံးစွဲလျှက်ရှိသော သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းသည့် လုပ်ငန်းကြီးတစ်ခုတွင် ပါဝင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့်လည်း (အဆင့်မြင့်မီးသွေး) လုပ်ငန်းသည်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် လုပ်ငန်းများပိုမိုတွင်ကျယ်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် လိုအပ်သောအကူအညီများကို ပေးစေလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဒေါ်နီနီလွင် (" ရွှေအုပ်ဆောင်း " ပယင်းကျန်းမာရေး ထုတ်ကုန်လုပ်ငန်း)**

၁။ ကျွန်မကတော့ " ရွှေအုပ်ဆောင်း " အမည်ဖြင့် ပယင်းကျန်းမာရေး ထုတ်ကုန်နှင့် အလှကုန်ပစ္စည်းများကိုထုတ်လုပ်ပြီး မြန်မာနိုင်ငံဒေသအနှံ့နှင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသည့် လုပ်ငန်းဖြစ်ပါတယ်။ မိမိ၏လုပ်ငန်းမှာ အသုံးပြုနေရသော ကုန်ကြမ်းဖြစ်တဲ့ Packaging ပစ္စည်းများမှာ တရုတ်နိုင်ငံမှ အဓိကမှာယူတင်သွင်းရ သည့်အတွက် ကုန်ကြမ်းများဝယ်ယူရရှိနိုင်ရေးနှင့် ကုန်ချောများဖြန့်ဖြူး ရောင်းချနိုင်ရေးအတွက် ကန်ပိုက်တည်နယ်စပ်လမ်းနှင့် လွယ်ဂျယ်နယ်စပ်လမ်းများကို ပြန်လည်ဖွင့်လှစ်ပေးစေလိုပါတယ်။

၂။ မိမိလုပ်ငန်းမှာ ကိုဗစ်ကာလစတင်ချိန်မှစ၍ လုပ်ငန်းများရပ်တန့် ထားရပြီး လုပ်သား၊ ငွေကြေးနှင့် အချိန်ဆုံးရှုံးမှုများနှင့်အတူ ရပ်တည်ရန်ခက်ခဲပြီး မပြိုလဲစေရန် ကြိုးစားရပ်တည်ခဲ့ရပါတယ်။ ယခု အချိန်လုပ်ငန်းများ ပြန်လည်စတင်နိုင်နေပြီဖြစ်သော်လည်း လုပ်ငန်းပုံမှန်လည်ပတ်နိုင်ရန်အတွက်မှာ ငွေကြေးအခက်အခဲများ လိုအပ်နေပါသေးတယ်။ မိမိမှာ JICAနှင့် ကိုဗစ်ချေးငွေများရရှိထားပြီး အတိုးများပုံမှန်ပေးသွင်းခဲ့သလို ငွေအရင်းအချို့လည်း ပေးသွင်းထားပါတယ်။ ယခုလို MSME လုပ်ငန်းများ ပြန်လည်ထူ ထောင်နေသည့် ကာလဖြစ်သဖြင့် ချေးငွေများပြန်လည်ပေး ဆပ်လိုက်ရပါက လုပ်ငန်းအတွက် ရင်းနှီးလုပ်ကိုင်နိုင်ရန် ခက်ခဲသွားနိုင်ပါသဖြင့် ချေးငွေသက်တမ်းကာလများကို ထပ်မံတိုးမြှင့်ပေးစေလိုကြောင်း အထူးမေတ္တာရပ်ခံအပ်ပါတယ်။ MSME လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှု၊ တစ်စိုက်မတ်မတ်ကြိုးစားအားထုတ် မှု၊ စိတ်အားထက်သန်မှု၊ ကျားကုတ်ကျားခဲ ကြိုးစားရပ်တည်နေသည့် အလားအလာရှိသောလုပ်ငန်းရှင်များ၏ ရှေ့ဆက်ရမည့်ခရီးမှာ နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ထိထိရောက်ရောက် ပံ့ပိုးကူညီပေးနိုင်မည်ကို သိလိုပါကြောင်း။ နောက်ဆုံးအနေဖြင့် ကိုဗစ် ၁၉ ချေးငွေကဲ့သို့ အတိုးနှုန်းသက်သာသည့် ချေးငွေအမျိုးအစားများအား အလားအလာရှိသော လုပ်ငန်းများသို့ ချေးငွေများထပ်မံထုတ် ပေးခြင်းဖြင့် MSME လုပ်ငန်းများ ပြန်လည်ရုန်းထနိုင်စေရန် ထိရောက်သော ပံ့ပိုးမှုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဦးဘင်ဂျမင် ( “ ဖြိုးဝေဝေ ” စက္ကူ Recycling လုပ်ငန်း)**

၁။ ကျွန်တော်ကတော့ Recycle လုပ်ငန်းကို စိတ်ဝင်စားလို့ စွန့်ပစ်ပလပ်စတစ်နှင့်စက္ကူများကို Recycle ပြုလုပ်ပြီး ကျောင်းသုံးဗလာစာအုပ်များနှင့် စက္ကူများကို ပြည်နယ်အတွင်းနှင့် အခြားဒေသများသို့ ဖြန့်ဖြူးရောင်းချလျှက်ရှိပါသည်။ ကုန်ချောပိုမိုထုတ်လုပ်နိုင်ရန်အတွက် တစ်ရက်(၅)တန်ထုတ်လုပ်နိုင်သည့် နှစ်ဖက်ချောစက္ကူ စက်ကို တပ်ဆင်နေသည်မှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးထားပြီဖြစ်ပါတယ်။ စက်အမြန်ဆုံးလည်ပတ်နိုင်ပါက ကချင်ပြည်နယ် တစ်ခုလုံး ကျောင်းသုံးဗလာစာအုပ်များ ထုတ်လုပ်ဖြန့်ချီနိုင်မှာဖြစ်ပါတယ်။ ရာခိုင်နှုန်းပြည့် စက်တပ်ဆင်နိုင်ရန်မှာ ငွေကြေးအရင်းအနှီးလိုအပ်နေသဖြင့် ကြန့်ကြာ နေရပါတယ်။ ကချင် ပြည်နယ်တွင် တစ်ရှူးငှက်ပျောစိုက်ခင်းများစွာရှိပြီး စိုက်ခင်းမှထွက်ရှိသော စွန့်ပစ်ငှက်ပျောခိုင်များမှ Fiber များထုတ်ယူပြီး စက္ကူပျော့ဖတ် ပြုလုပ်နိုင်သဖြင့် စက်ပစ္စည်းများဝယ်ယူ၍ လုပ်ငန်းတိုးချဲ့လုပ်ကိုင်လိုပါတယ်။ မိမိလုပ်ကိုင်လိုသော လုပ်ငန်းအစီအစဉ်များအတွက် ငွေကြေးအရင်းအနှီးလိုအပ်သဖြင့် နိုင်ငံတော်မှ အတိုးနှုန်း သက်သာသောချေးငွေများ ပံ့ပိုး ပေးစေလိုပါတယ်။ မိမိလုပ်ငန်းများအား ပြည်နယ်အတွင်းမှရရှိသော ကုန်ကြမ်းများဖြင့်သာ ကုန်ချောအဖြစ်သို့ ပြောင်းလဲထုတ်လုပ်ပြီးမှ တစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချလိုခြင်းဖြစ်ပါ တယ်။

၂။ ထပ်မံပြီး မိမိတို့လုပ်ကိုင်နေသော စက်မှုရပ်ကွက်ကနေ အားလုံးပါဝင်သော စက်မှုဇုန်တည်ဆောက်ပေးနိုင်မည့်အခြေအနေ ရှိ/မရှိကိုလည်း သိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဦးသန်းဝင်း ( “ မနောမြန်မာ ” စက်ရက္ကန်းလုပ်ငန်း)**

၁။ ကျွန်တော်ကတော့ ရက္ကန်းလုပ်ငန်းလုပ်ကိုင်နေပြီး လုပ်ငန်းအတွက်လိုအပ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ တင်သွင်းသည့် ၂/၈၀၊ ၂/၁၀၀ ချည်ကုန်ကြမ်းများကို မန္တလေးမှတစ်ဆင့် ဝယ်ယူလုပ်ကိုင်လျက်ရှိပါသည်။ အဆိုပါချည်ကုန်ကြမ်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဒေသအတွင်း၌ အလွယ်တကူဝယ်ယူရရှိနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဦးဆန်းလင်း (" ဦးဆန်းလင်း " ဆန်စက်)**

၁။ ကျွန်တော်ကတော့ ဆန်စက်လုပ်ငန်းလုပ်ကိုင်ပြီး ကချင်ပြည်နယ်အတွင်း ဖြန့်ဖြူးရောင်းချနေပါတယ်။ ကျွန်တော့်လုပ်ငန်းတွင် ဒီဇယ်အင်ဂျင်ဖြင့် လည်ပတ် ဆောင်ရွက်နေပြီး ယခင်စက်သုံးဆီဈေးနှုန်းများ သက်သာသည့်အချိန်က လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေသော်လည်း ယခုစက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသဖြင့် လုပ်ငန်းတွင်အခက်အခဲရှိလာပြီး လုပ်ငန်းရပ်နားထားရပါတယ်။ စက်သုံးဆီဈေးများ ပုံမှန်ပြန်ဖြစ်နိုင်ရန် ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ သိရှိလိုပါ ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဒေါ်ထုံဖူးနင်ဌေး ( " Kasante Kachin Walnuts " စားသောက်ကုန်လုပ်ငန်း)**

၁။ ကိုဗစ် ၁၉ ကာလအလွန်နှင့် အစိုးရအပြောင်းအလဲ ကာလများတွင် MSME လုပ်ငန်းရှင်များ လုပ်ငန်းပြန်လည်ထူထောင်နိုင်ရန် အစိုးရအနေဖြင့် မည်ကဲ့သို့ကူညီပံ့ပိုးပေးနိုင်မည်ကိုသိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဒေါ်စီစီရွယ်စန်း ( " OK Kachin " ခေတ်မီရိုးရာ အထည်ချုပ်လုပ်ငန်း)**

၁။ MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းများ စဉ်ဆက်မပြက်လည်ပတ်နိုင်ရန် လိုအပ်သော လုပ်ငန်းရင်းနှီးငွေများကို အတိုးနှုန်းသက်သာစွာချေးယူနိုင်သည့် ချေးငွေအစီအစဉ်များရှိသော်လည်း အများစုမှာ Collateral (အပေါင်ပစ္စည်း) ပါမှသာ ချေးယူနိုင်သဖြင့် Collateral မပေးနိုင်သော MSME လုပ်ငန်းများအတွက် အပေါင်မဲ့ ချေးငွေများ ထောက်ပံ့ကူညီမှုပေးနိုင်မှု ရှိ/ မရှိအား သိရှိလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဦးဇခုန်ယိမ်းဆောင် (" ကချင်အထူးဒေသ (၁) " )**

၁။ ကချင်အထူးဒေသ (၁) ကန်ပိုက်တည် စီးပွားရေးနယ်မြေအတွင်းရှိ ကန်ပိုက်တည်မြို့ ကွက်ရေီယာအား တိုးချဲ့ပေးစေလိုပါတယ်။

ချီဖွေ(၄)မိုင်တပ်စခန်းမှ ပန်ဝါမြို့အထိ (၃၆)မိုင် လမ်းကြောင်းမှာ လက်ရှိမြေသားလမ်းကိုကွန်ကရစ်လမ်းခင်းပေးစေလိုပါတယ်။

**နောက်ဆက်တွဲ(ဂ)**

## လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်အပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ

### ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၏ ရှင်းလင်းဆွေးနွေးချက်

၁။ လေးစားအပ်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တွေ့ဆုံပွဲကို တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်၊ ကျွန်တော်ကတော့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်ဖြစ်ပါတယ်။

၂။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းကိစ္စရပ်များနှင့် တိုက်ရိုက်ပတ်သက်ဆက်နွယ်ခြင်းမရှိပေမယ့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောလိပ်ကျောင်း(၂)ကျောင်းတွင် သင်တန်းသားများကို လက်ခံသင်ကြားပေးလျက်ရှိပါတယ်။ ကချင်အထူးဒေသ(၁)မှ တာဝန်ရှိသူ ဦးဇခုန်ယိမ်းဆောင်ဆွေးနွေးတင်ပြချက်နှင့် ပတ်သက်၍ ကွန်ကရစ်လမ်းခင်းပေးနိုင်ရန် ဘဏ္ဍာနှစ်အလိုက်တဖြည်းဖြည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးအခြေအနေအရ ၂မိုင်/၃မိုင်စသည်ဖြင့် တဖြည်းဖြည်းခြင်းခင်းပေးသွားပါမယ်။ ယခုအခြေအနေအရ ကွန်ကရစ်လမ်း(၁)မိုင်လျှင် ကျပ်သန်း(၃၀၀) ကျော်ကုန်ကျမှာဖြစ်ပြီး (၃)မိုင်/(၄)မိုင်လောက်ခင်းလျှင် (၁)ဘီလီယံလောက် ကုန်ကျမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဘဏ္ဍာရေးအခြေအနေ ခွင့်ပြုချက်အပေါ်မူတည်ပြီး တင်ပြပါလမ်းပိုင်းကိုလည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်ခင်ဗျာ။

### ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၏ ရှင်းလင်းဆွေးနွေးချက်

၁။ လေးစားအပ်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တွေ့ဆုံပွဲကို တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်၊

ကျွန်တော် ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဖြစ်ပါတယ်။

၂။ ဒီနေ့ တွေ့ဆုံပွဲ အခမ်းအနားမှာ MSME လို့ခေါ်တဲ့ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနဲ့ပတ်သတ်ပီး ကချင်ပြည်နယ် အတွင်းမှာရှိတဲ့ လုပ်ငန်းရှင်များရဲ့ လိုအပ်ချက်များနဲ့ပတ်သက်ပီး ဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါတယ်။ နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကကျတဲ့ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူ ပြုမှာဖြစ်တဲ့အတွက် နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ MSME လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုတွေ့ဆုံပွဲတွေကျင်းပဆောင်ရွက်လာတာ ယခု(၁၁) ကြိမ်မြောက်ရှိပြီ ဖြစ်ပါတယ်။ နေရာတိုင်းမှာ လုပ်ငန်းရှင်တွေရဲ့ လိုလားချက်တွေ တင်ပြချက်တွေကို မှတ်သားနာယူခဲ့ပါတယ်။ တချို့ကိစ္စတွေက ချက်ခြင်းဆောင်ရွက်လို့ရသလို တချို့ကိစ္စတွေက ရေရှည်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ပြန်ရောက်တဲ့အခါမှာ သက်ဆိုင်ရာ ဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

၃။ တင်ပြချက်များမှာ အဓိကကျတဲ့ အရင်းအနှီးဆိုတဲ့ငွေကြေးလိုအပ်ချက်နဲ့ပတ်သတ်ပီး ချေးငွေအပိုင်းကိုရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။ MSME လုပ်ငန်းရှင်များ ဒီနေ့ဆွေးနွေး တင်ပြတဲ့ အချက်တွေမှာ ချေးငွေနဲ့ပတ်သက်ပြီး ပထမဦးဆုံး ရှင်းလင်းတင်ပြချင် တာကတော့ ကျွန်တော်တို့ နိုင်ငံ့စီးပွားကို အခြေပြု၍တင်ပြလိုပါတယ်၊ အားလုံးသိကြတဲ့အတိုင်း နိုင်ငံစီးပွား ရေးအခြေအနေအားလုံးဟာ အနဲနှင့်အများ ထိခိုက်ကျဆင်းမှုတွေရှိပါတယ်၊ ၂၀၂၀ ခုနှစ်တွင် ပေါ်ပေါက်လာတဲ့ ကိုဗစ် ၁၉ ရောဂါရဲ့ ရိုက်ခတ်မှုဟာ တကမ္ဘာလုံးနဲ့ ပတ်သက်ပြီး စီးပွားရေး အားလုံး ထိခိုက်ခဲ့ကြပါတယ်၊ ကျွန်တော်တို့ အပါအဝင် ဒေသတွင်းမှာရှိတဲ့ နိုင်ငံများမှာ ကိုဗစ် ၁၉ ကပ်ရောဂါဟာ ခုထိ မပြီးသေးပါဘူး၊ ပြန်လည် ကြိုးစားရင်းနဲ့ စီးပွားရေးပြန်တက်ဖို့ ကြိုးစား နေတာဖြစ်ပါတယ်၊ အခြားသော နိုင်ငံရေးဖြစ်စဉ်များနှင့်တကွ နိုင်ငံမှာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခ အခြေအနေနဲ့ဆက်စပ်ပြီး နိုင်ငံ့စီးပွားရေးတော်တော်ထိခိုက်ခဲ့ပါတယ်၊ ကျွန်တော်တို့နိုင်ငံရဲ့

ဖွံ့ဖြိုးတိုးတက်မှုဟာ ကိန်းဂဏန်း နှင့်ပြောမယ်ဆိုရင် ၂၀၁၈–၂၀၁၉ မှာ (၆.၈%) လောက်ရှိပြီး ၂၀၁၉–၂၀၂၀ တွင် နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ (၃.၂%)ထိ ကျဆင်းသွားခဲ့ပါတယ်၊ ၂၀၂၀–၂၀၂၁ မှာ ကိုဗစ်ရဲ့အဓိကအခန်းကဏ္ဍကိုရောက်ရှိပြီး ကျွန်တော်တို့နိုင်ငံရဲ့ လက်တွေ့ စီးပွားရေး အခြေအနေမှာအနှုတ်(၅.၉%) ထိကျဆင်းခဲ့ပါတယ်၊ ၂၀၂၁–၂၀၂၂ မှာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီစတင်ချိန်မှာ စီးပွားရေးကိုတိုးတက်အောင်ဆောင်ရွက်ခဲ့ပြီး ပုံမှန် ဘဏ္ဍာ နှစ် ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ထိ ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်၊ စီးပွားရေးအခြေအနေကို ပြန်ကြည့်မယ် ဆိုရင် နိုင်ငံစီးပွားရေးအခြေအနေထိခိုက်ခဲ့တဲ့ အနေအထားတွေရှိသော်လည်း MSME လုပ်ငန်းရှင်များ တင်ပြချက်များဟာ အားလုံးသော ပြည်သူလူထုများနှင့် ဆက်စပ် ပတ်သက်နေပါတယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေနဲ့လည်း ဖေဖော်ဝါရီလမှာ စတင်တာဝန် ယူချိန်မှစ၍ ကျဆင်းသွားတဲ့ နိုင်ငံစီးပွားရေး ပြန်လည်တည့်မတ်အောင် စီးပွားရေး ဦးတည်ချက် (၃)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်၊ စိုက်ပျိုးရေးနှင့် မွေးမြူ ရေးကိုအခြေခံတဲ့ ကုန်ထုတ်လုပ်မှုတွေကို တိုးတက်အောင် ကြိုးစားလုပ်ဆောင်ပြီး အကျိုး အမြတ်ရနိုင်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမှာဖြစ်ပါတယ်၊ MSMEs တွေရဲ့ တိုးတက်မှုကို တာဝန်ယူတဲ့ စက်မှုဝန်ကြီးဌာနမှ ဥပဒေထုတ်ပြန်ခြင်းနှင့် လိုအပ်သည်များ ဆောင်ရွက်ပြီး လုပ်ငန်းတွေ၏ အရေးပါမှုကို တိုးတက်အောင်ဆောင်ရွက်နေပါတယ်။

၃။ MSME လုပ်ငန်းများ အရင်းအနှီးရရှိရေးအတွက် ချေးငွေများ ထုတ်ပေးနေပါတယ်၊ MSME ချေးငွေမှာ အာမခံပေးပြီး ဂရန်သတ်မှတ်ချက်နဲ့ ပေးတဲ့ချေးငွေ တစ်ခုဖြစ်ပါတယ်၊ အာမခံ ပေးရမဲ့ပစ္စည်းမရှိဘူးဆိုရင် အာမခံပေးမဲ့ မြန်မာ့အာမခံချေးငွေ CGI ဟာလည်း MSME ချေးငွေ ဖြစ်ပါတယ် ၊ ၂၀၁၅–၂၀၁၆ မှစပြီး ဂျပန်မှ (JICA) ချေးငွေသည်လည်း မြန်မာ့စီးပွားရေးဘဏ်နှင့် အခြားပုဂ္ဂလိကဘဏ်များမှ နှစ်စဉ်ချေးငွေပေးသော MSME ချေးငွေဖြစ်ပါတယ်၊ JICA ချေးငွေ ဟာဆိုရင် ဂျပန် JICA အဖွဲ့အစည်းကနေပေးတဲ့ စည်းကမ်းချက်တွေနဲ့ ပေးရတာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ငွေ၊ သတ်မှတ်ပေးထားတဲ့အတိုးနှုန်း၊ သတ်မှတ်ပေးထားတဲ့ကာလ၊ သတ် မှတ်ထားတဲ့ Critera တွေပါမှ ချေးပေးရတာဖြစ်ပါတယ်။ MSME ချေးငွေ အပြင် ကိုဗစ် ၁၉ ကြောင့် ထိခိုက်သွားတဲ့ လုပ်ငန်းတွေအတွက် ထုတ်ချေးပေးတဲ့ ကိုဗစ်ကုစားရေး ချေးငွေ လည်း

ရှိပါတယ်။ အဲဒီချေးငွေကသတ်မှတ်ကာလက (၁)နှစ်ပဲဖြစ်ပေမယ့် အဆက်ဆက် သက်တမ်းတိုးပေးလာတာ (၃)နှစ်တောင်ရှိလာပြီဖြစ်ပါတယ်။ ကိုဗစ်ကုစားရေးချေးငွေသည် လုပ်ငန်းများ ထိခိုက်နစ်နာ မှုနှင့် ပတ်သက်ပြီး လုံးဝကိုအပေါင်ပစ္စည်းမယူသော ချေးငွေတစ်ခု ဖြစ်ပါတယ်၊ နောက်တစ်ခုက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ COVID Relief Fund ဆိုပြီး ချေးတဲ့ MSME ချေးငွေရှိပါတယ်၊ ကချင်ပြည်နယ်နဲ့ပတ်သတ်ပြီးတော့ ချေးငွေရယူထားတဲ့အခြေနေများကို အနည်းငယ်တင်ပြလို ပါတယ်။ MEB ကချေးထားတဲ့ MSME ချေးငွေဟာ ကချင်ပြည်နယ်အနေအထားမှာ အာမခံနဲ့ ချေးထားတဲ့ချေးငွေစုစုပေါင်း (၅)ဦးပဲကျန်ပါတော့တယ်။ အလားတူပဲငွေပမာဏဟာ (၁၉၁) သန်းပဲရှိပါတယ်။ အာမခံမဲ့ချေးငွေရယူထားမှုမှာ ကချင်ပြည်နယ်မှာ (၃)ဦးနဲ့ ချေးငွေသန်း(၃၀)ရှိ ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်မှ မရွှေ့မပြောင်းနိုင်သောအာမခံပစ္စည်းကိုယူလို့ရှိရင် အတိုးနှုန်း (၆.၅)ရာခိုင်နှုန်း၊ အပေါင်ပစ္စည်းလျှော့ပေါ့ချေးငွေဖြင့် ချေးယူပါက (၇)ရာခိုင်နှုန်းမှ (၉)ရာခိုင်နှုန်း နဲ့ချေးပေးနေတာဖြစ်ပါတယ်။ အဲဒီချေးငွေတွေချေးတော့မယ်ဆိုရင် သတ်မှတ်တဲ့ Cretia တွေ ပြည့်စုံအောင် ဆောင်ရွက်ပေးရပါတယ်။ ချေးငွေနဲ့ပတ်သတ်ပြီး လပ်လွတ်စပယ်လုပ်၍မရပဲ သတ်မှတ်တဲ့စည်းမျဉ်းစည်းကမ်းနဲ့ညီမှသာ ထုတ်ချေးလို့ရတာဖြစ်ပါတယ်။ ဘာကြောင့်လည်း ဆိုရင် ချေးငွေတွေနဲ့ပတ်သက်ပြီး ဆုံးရှုံးနိုင်ချေကများလို့ဖြစ်ပါတယ်။

၄။ ချေးငွေများနဲ့ပတ်သက်ပြီး မနက်က ကျွန်တော်တို့အဖွဲ့များနဲ့တွေ့ဆုံခဲ့ရာမှ ဝမ်းသာစရာအချက်အနေနဲ့ သည်ကချင်ပြည်နယ်မှာ MSME ချေးငွေတွေမှာ ကြွေးဆုံးဖြစ်နေတာဟာဆိုရင် အခြားပြည်နယ်ထက် စာရင်အတော်နည်းပါတယ်။ အခြားသောချေးငွေဖြစ်တဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာချေးထားတဲ့ချေးငွေတွေမှာတော့ ကချင်ပြည်နယ်မှာပြန်မဆပ်တာတွေရှိနေပါသေးတယ်။ နောက် (၁)ရာခိုင်နှုန်းနဲ့ချေးထားတဲ့ ကိုဗစ် ၁၉ ကုစားရေးချေးငွေမှာပြန်မဆပ်တဲ့သူတွေရှိနေပါသေးတယ်။ ဒါပေမယ့် အများစုကပြန်ဆပ်ထားတဲ့အတွက် သည်ကချင်ပြည်နယ်အတွက်ကတော့ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော်တို့လုပ်ပေးရကျိုးလည်း နပ်တယ်ဆိုတဲ့အနေအထားလေး တွေ့ရပါတယ်။ တင်ပြသွားတဲ့အထဲမှာ ပထမဦးဆုံး အဆင့်မြင့်လောင်စာတောင့် မှ ဦးအောင်သန်းထွဋ်ဦး တင်ပြသွားတဲ့ နိုင်ငံတော်မှ ချေးငွေထုတ်ချေးပေးဖို့ဆိုရာမှ ခုနကတင်ပြသွားတဲ့ချေးငွေတွေရှိပါတယ်၊ တစ်နည်းမဟုတ်တစ်နည်း ချေးလို့ရတဲ့

အနေအထားဖြစ်ပါတယ်။ ထပ်မံပြီး ဒေါ်နီနီလွင်မှ JICA ချေးငွေအနေနဲ့ အတိုးများပုံမှန်သွင်း ထားပြီး အရင်းအချို့လည်း ပေးသွင်းထားပါတယ်၊ ထပ်မံပြီး ချေးငွေသက်တမ်းတိုးပေးဖို့ဖြစ် ပါတယ်လို့တင်ပြထားပါတယ်၊ JICA ချေးငွေဟာ အတိုးနှုန်း(၅.၅)ရာခိုင်နှုန်း၊ ချေးငွေသက်တမ်း ဟာ(၅)နှစ်ဖြစ်ပါတယ်၊ အဲဒီသတ်မှတ်ချက်တွေဟာ ကျွန်တော်တို့ သတ်မှတ်ထားတာမဟုတ်ပဲ ဂျပန်အဖွဲ့အစည်းကသတ်မှတ်ထားခြင်းဖြစ်ပါတယ်၊ (၅)နှစ်ပြည့်လို့ အရင်းပြန်ဆပ်ပီးရင်လည်း ပြန်ချေးလို့ရပါတယ်၊ အရင်းပြန်လည်ပေးဆပ်ပီးပါက JICA ချေးငွေယူထားတဲ့အဖွဲ့အစည်းနဲ့ ပြန်လည်ဆက်သွယ်ပါလို့ပြောကြားလိုပါတယ်၊ ထပ်မံပီး စက္ကူလုပ်ငန်း ဦးဘင်ဂျမင်မှ အတိုးနှုန်း သက်သာတဲ့ချေးငွေ ပံ့ပိုးပေးစေလိုတာနဲ့ပတ်သတ်ပီး အထက်မှာချုံငုံပီး ရှင်းလင်းတင်ပြထား ပီးဖြစ်ပါတယ်၊ အလားတူပဲ ဝိုင်းမော်မှ ဦးသန်းဝင်းမှ ကိုဗစ်အလွန်မတည်ရင်းနှီးငွေ လိုအပ်တာ ကလည်း အထက်ပါအတိုင်း အလားတူပဲဖြစ်ပါတယ်၊ သစ်ကြားသီးလုပ်ငန်း ဒေါ်ထုံဖူးနင်ဌေးမှ ကိုဗစ် ၁၉ ကာလအလွန်နှင့် အစိုးရအပြောင်းအလဲ ကာလများတွင် MSME လုပ်ငန်းရှင်များ လုပ်ငန်းပြန်လည်ထူထောင်နိုင်ရန် အစိုးရအနေဖြင့် အကူအညီပေးဖို့ရာမှာလည်း MSME လုပ်ငန်းများအတွက် အရင်းရရှိနိုင်ရန်ဆောင်ရွက်တဲ့နေရာတွေမှာ ကျွန်တော်တင်ပြသွားတဲ့ နေရာတွေမှ ဆက်သွယ်ဆောင်ရွက်ပေးပါ။ တကယ်လို့အာမခံမဲ့လုပ်မယ်ဆိုရင်လည်း အာမခံ မဲ့နဲ့ပတ်သတ်ပီးတော့လည်း သူ့ရဲ့သတ်မှတ်ချက်တွေနဲ့ညီအောင် သက်ဆိုင်ရာဘဏ်များနဲ့ ညှိနှိုင်းပါလို့ပြောချင်ပါတယ်။

၅။ အချုပ်အားဖြင့်ပြောရရင် ရင်းနှီးငွေနဲ့ပတ်သတ်ပီးတော့ ကျွန်တော်တို့ နိုင်ငံတော်အ ပိုင်းမှလည်းပံ့ပိုးချင်ပါတယ်၊ ပံ့ပိုးဖို့အစီစဉ်ကိုလည်း တတ်နိုင်သလိုကြိုးစားပြီးဆောင်ရွက်နေ ပါတယ်၊ ချေးငွေတွေနဲ့ပတ်သတ်ပီးတော့လည်း ချေးထားတဲ့အမျိုးအစားပေါင်းမြောက်မြား စွာဟာလည်း ပြည်သူလူထုအတွင်းမှာ ပျံ့နှံ့နေပြီဖြစ်ပါတယ်၊ သည်ချေးငွေတွေအပြင် အသေး စားငွေရေးကြေးရေးအဖွဲ့အစည်းများက MSME အပါအဝင် စီးပွားရေးလုပ်ငန်းများကိုချေးနေ တဲ့ချေးငွေတွေလည်းရှိပါတယ်၊ အဲဒီချေးငွေတွေကို ချေးငွေရထားသူများက စနစ်တကျ အကျိုးအပြစ် ပြန်လည်သုံးသပ်ပြီးတော့ မိမိပေးစပ်ရမယ့်တာဝန်၊ မိမိထပ်ရယူမယ် နောက် ထပ်ချေးငွေ စသည်ဖြင့် စနစ်တကျ မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့ မိမိအတွက် အရင်းအနှီး ရရှိရေးကိစ္စကို အကျိုးရှိစွာအသုံးချနိုင်ဖို့ ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။ သည်မှာအဓိက တာဝန်ရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်နဲ့ဆက်သွယ်ပါ၊ MSME လုပ်ငန်းတွေနဲ့ပတ်သတ်ပီးတော့ သူတို့ကိုမှာလည်းမှာထားပါတယ်၊ ထို့အတူပဲ နိုင်ငံတော်အဆင့်အနေနဲ့လည်း MSME

ရန်ပုံငွေ ကိုထူထောင်ပြီးဖြစ်တဲ့အတွက်လည်း အဲဒီရန်ပုံငွေကိုအသုံးပြုပြီး MSME များတိုးတက်ရေးအ တွက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ ဆန်စက်/ဆီစက်များ အဆင့်မြှင့်တင်ရေးအတွက်လည်း နိုင်ငံတော်ဝန်ကြီးချုပ်ကြီး လမ်းညွှန်ချက်နဲ့အညီ ကော်မတီ များဖွဲ့စည်းပြီးတော့ ဆန်စက်/ဆီစက်များ အဆင့်မြှင့်တင်ရေး ဆောင်ရွက်ပေးသွားမှာဖြစ်ပါ တယ်။ တကယ်လို့များ ကချင်ပြည်နယ်ဘက်မှ ဆန်စက်/ဆီစက်များ အဆင့်မြှင့်တင်လိုပါက တင်ပြနိုင်ပါကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်ခင်ဗျာ။

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၏ ရှင်းလင်းဆွေးနွေးချက်

၁။ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တွေ့ဆုံပွဲကိုတက်ရောက်လာကြတဲ့ လူကြီးမင်းများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးပါ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်လည်း ပူးတွဲတာဝန်ထမ်းဆောင်ပါတယ်။

၂။ ကျွန်တော်က MSME လုပ်ငန်းနဲ့ပတ်သက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနလက်အောက်မှာ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ရှိပါတယ်။ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက MSME ရဲ့ အခြေခံပါပဲ။ အသေးစားစက်မှုလက်မှုလုပ်ငန်း တွေကိုမှတ်ပုံတင်ပေးပါတယ်။ နောက်ပိုင်းမှာ FDA နဲ့ ဆက်သွယ်ပီးလို့ရှိရင် အချို့လုပ်ငန်းတွေ ကို ကျွန်တော်တို့ဆီက ဓာတ်ခွဲခန်းတွေမှာ စစ်ဆေးပီးလို့ရှိရင် FDA ကိုသွားစရာမလိုပဲ ထုတ်ပေး နိုင်တဲ့အဆင့်ထိ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အသေးစားစက်မှုလုပ်ငန်းတွေနဲ့ပတ် သတ်လို့ရှိရင် ပြည်နယ်မှာ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရှိပါတယ်။ အဲဒီဌာနနဲ့ ဆက်သွယ်ပီးလို့ရှိရင် ကျွန်တော်တို့ကနေ အသေးစားစက်မှုလုပ်ငန်းများ မှတ်ပုံတင်ရေး၊ အရည် သွေးစစ်ဆေးရေးအပိုင်းတွေ့ိကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

၃။ ကျွန်တော့်အနေနဲ့ တင်ပြချက်နဲ့ပတ်သတ်ပီး ဦးဘင်ဂျမင်ရဲ့ စက္ကူ Recycling လုပ်ငန်း ဖြစ်ပါတယ်။ သူ့အနေနဲ့ ကချင်ပြည်နယ်မှာ ငှက်ပျောတွေစိုက်ပျိုးမှုမှ ထွက်ရှိတဲ့ စွန့်ပစ်ငှက်ပျော

ခိုင်တွေကနေ ပျော့ဖတ်ထုတ်လုပ်နေပီလို့သိရပါတယ်၊ ငှက်ပျောတစ်ရှူးနဲ့ပတ်သက်ပြီး ရော၀တီတိုင်းမှာ ငှက်ပျောတစ်ရှူးကနေ အိမ်တွင်းသုံးပစ္စည်းထုတ်လုပ်မှုသင်တန်းကို အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကနေ ပြုလုပ်ပေးလျက်ရှိပါတယ်။ ငှက်ပျောတစ်ရှူးကနေ ပစ္စည်းထုတ်မယ်ဆိုရင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကနေ နည်းပညာပေးပြီး၊ သင်တန်းပေးပြီးတော့မှ တကယ့်ထုတ်ကုန်ပစ္စည်းထုတ်နိုင်တဲ့အဆင့်ထိရောက်အောင် ကူညီဆောင်ရွက်ပေးသွားမယ်လို့ ပြောကြားလိုပါတယ်၊ နောက်တစ်ခုကတော့ ရက္ကန်းလုပ်ငန်းရှင် ဦးသန်း၀င်း၏ တင်ပြချက်ဖြစ်ပါတယ်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှာ ရက္ကန်းသင်တန်းကျောင်းတွေရှိပါတယ်၊ အဲဒီကျောင်းတွေမှာ ရက္ကန်းနဲ့ပတ်သတ်လို့ သင်တန်းတွေရှိပါတယ်၊ ကချင်ပြည်နယ်မှာရှိတဲ့ ရက္ကန်းလုပ်ငန်းများအနေဖြင့် ရက္ကန်းနဲ့ပတ်သက်တဲ့သင်တန်းများတက်ချင်တယ်ဆိုလိုရှိရင် ရက္ကန်းကျောင်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ နောက်ထပ် တင်ပြချက်ကတော့ ဦးဇခုန်ယိမ်းဆောင်တင်ပြသွားတဲ့ လမ်းကိစ္စပဲဖြစ်ပါတယ်၊ ကျွန်တော်တို့မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရှိပါတယ်၊ အဲဒီဌာနကနေ ကျေးလက်လမ်းဆိုတဲ့ ရွာတွင်းလမ်းတွေ၊ ကုန်ထုတ်လမ်းတွေကို စီစဉ်ဆောင်ရွက်ပေးပါတယ်၊ ရွာတွင်းလမ်းတွေ ကုန်ထုတ်လမ်းတွေလိုအပ်နေလို့ရှိရင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ပြပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်၊ နောက်ထပ် ၀ိုင်းမော်မြို့က ဦးဆန်းလင်းဖြစ်ပါတယ်၊ သူကတော့ဆန်စက်နဲ့ပတ်သတ်ပီး တင်ပြတာဖြစ်ပါတယ်၊ ဆန်စက်နဲ့ပတ်သတ်ပီး သမ၀ါယမမှာဆောင်ရွက်နေတာရှိပါတယ်၊ ပြည်နယ်မှာလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ပေးထားတာရှိ လို့ဆန်စက်တွေအနေနဲ့ သမ၀ါယမအနေ နဲ့ဆောင်ရွက်လိုတယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါတယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်၊ နောက်တစ်ချက်ကတော့ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ပတ်သတ်ပီး ဘတ်ဂျတ်မပီးခင်ဆောင်ရွက်ပေးသွားမယ်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။

၄။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြလိုတာကတော့ သမ၀ါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာနအနေနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှတဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စားဆိုတဲ့လုပ်ငန်းအဆင့်ဆင့် ပူးပေါင်း

ဆောင်ရွက်မှုမှာ အခြေခံကျဆုံး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများပဲဖြစ်ပါတယ်၊ အဲဒီအတွက် လိုအပ်တဲ့နည်းပညာပိုင်းဆိုင်ရာ၊ သင်တန်းပိုင်းဆိုင်ရာနဲ့ ပတ်သတ်လို့ရှိရင် ပြည်နယ်မှာရှိတဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်လို့ရှိရင် ကျွန်တော့်အနေနဲ့ သေချာစီမံခန့်ခွဲပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၏ ရှင်းလင်းဆွေးနွေးချက်**

၁။ ဒီကနေ့တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည် နယ်အဆင့် ဌာနဆိုင်ရာ အရာရှိကြီးများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်း ရှင်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ဖြစ်ပါတယ်။

၂။ ယနေ့ ကချင်ပြည်နယ်မှာ ကျင်းပပြုလုပ်တဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲမှာ ကျွန်တော့် အနေနဲ့ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိဆောင်ရွက် နိုင်ရန်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

၃။ MSME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအသီးသီးမှာရှိတဲ့ MSME လုပ်ငန်းရှင်များနဲ့တွေ့ဆုံပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များမှာ (၁၀)ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး MSME ဆိုင်ရာ လမ်းညွှန်မှာကြားချက်များ စုစုပေါင်း(၁၀၉)ချက်ရှိပါတယ်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲ

များမှာ MSME လုပ်ငန်းရှင် များမှ တင်ပြချက်များအနေဖြင့် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်၊ မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် အခြား စတဲ့ ကဏ္ဍ(၇) ခုမှာ တင်ပြချက် စုစုပေါင်း (၁၀၈) ချက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

၄။ ဒေသတွင်းရှိ အောင်မြင်ပြီး၊ အလားအလာရှိသော SME စီးပွားရေးကဏ္ဍများ အနေနဲ့ကတော့ တန်ဖိုးမြှင့်ထုတ်ကုန်စီးပွားရေးလုပ်ငန်းများ၊ အလုပ်အကိုင် ပေါ်ထွန်းရေးကို အားပေးသော စီးပွားရေးလုပ်ငန်းများ၊ အထောက်အကူပြု စီးပွားရေးလုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှုကိုအားပေးသော စီးပွားရေးလုပ်ငန်းများ၊ သွင်းကုန်အစားထိုး/ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ စီးပွားရေး လုပ်ငန်းများ ဖြစ်ပါတယ်။ ဒေသထွက်သီးနှံများဖြစ်တဲ့ ဂရိတ်ဖရု၊ နာနတ်၊ လိမ္မော်နှင့် ကချင်ရိုးရာအထည်တို့ကိုလည်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အစီအစဉ်ဖြင့် ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း ကျွန်တော်တို့ဝန်ကြီးဌာနမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ်ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး / ပြည်နယ်အသီးသီး မှာ ဒေသဆိုင်ရာ MSME ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာ အေဂျင်စီများအနေဖြင့် MSME များမှတ်ပုံတင်ခြင်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပြီး အေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား လစဉ်လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြရန်လိုအပ်ပြီး လုပ်ငန်းကော်မတီမှ ဗဟိုကော်မတီသို့ စုစည်းသုံးသပ်တင်ပြ အစီရင်ခံသွားမှာဖြစ်ပါတယ်။

၅။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံဒေသအသီးသီးမှာရှိတဲ့ ပြည်တွင်းထုတ်ကုန်လုပ်ငန်းများရဲ့ ဈေးကွက်ချဲ့ထွင် လာနိုင် စေရန်အတွက် ရည်ရွယ်ပြီး **“MSME ပြည်တွင်းထုတ်ကုန်ပစ္စည်းများ အားပေးမြှင့်တင်ရေးပြပွဲ ”** ကို ၂၆.၁၁.၂၀၂၂ ရက်နေ့မှ ၂၈.၁၁.၂၀၂၂ ရက်နေ့အထိ နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် MSME လုပ်ငန်းများရဲ့ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ ဒီဂျစ်တယ်ပလက်ဖောင်းကိုအသုံးပြုပြီး မိမိတို့ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်စေဖို့အတွက် (၂၆.၁၁.၂၀၂၂) ရက်နေ့မှာ E-

market Place for Myanmar Products Platform ကို စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီ E-market Platform မှာ ပထမအဆင့် အနေနဲ့ MSME လုပ်ငန်းပေါင်း (၁၀၀)ခန့် ကို ၎င်းတို့ရဲ့ ထုတ်ကုန်ပစ္စည်းများ ပြသရောင်းချခွင့် ပေးသွားမှာဖြစ်ပြီး နောက်ပိုင်းမှာ MSME လုပ်ငန်း အရေအတွက်ကို ထပ်တိုးခွင့်ပြု ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ သည် Platform မှာ ကချင်ပြည်နယ်ကနေပီးတော့ လုပ်ငန်းရှင်(၅)ဦးပြသရောင်းချခွင့်ရရှိပြီးဖြစ်ပါတယ်။

၆။ ယခု ဆက်လက်ပြီး ယနေ့တွေ့ဆုံပွဲမှာ MSME လုပ်ငန်းရှင်များရဲ့ တင်ပြချက်များနဲ့ စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ “ စွမ်းအင်ပြည့်လျှံ ” အဆင့်မြင့်လောင်စာတောင့်လုပ်ငန်း မှ ဦးအောင်သန်းထွန်းဦး ၊ “ရွှေအုပ်ဆောင်း” ပယင်းကျန်းမာရေး ထုတ်ကုန်လုပ်ငန်း မှ ဒေါ်နီနီလွင် နှင့် “ ဖြိုးဝေဝေ” စက္ကူ Recycling လုပ်ငန်းမှ ဦးဘင်ဂျမင်တို့ရဲ့ ဆွေးနွေးတင်ပြချက်များအရ အတိုးနှုန်း သက်သာသည့် ချေးငွေများထုတ်ချေးပေးခြင်း နှင့် သက်ဆိုင်ရာဌာနများမှ အခွန်ကင်းလွတ်ခွင့် ရရှိအောင်ကူညီပေးစေလိုခြင်းတို့ကို MSME လုပ်ငန်းကော်မတီ လက်အောက်မှာ ရှိတဲ့ရန်ပုံငွေစီမံခန့်ခွဲရေး အဖွဲ့ နှင့် MSME အေဂျင်စီတို့ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဦးအောင်သန်းထွန်းဦး အနေဖြင့် လောင်စာတောင့်လုပ်ငန်းဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် လုပ်ငန်းများပိုမိုတွင် ကျယ်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် လိုအပ်သော အကူအညီများကို ပေးစေလိုပါကြောင်းနဲ့ပတ်သတ်လို့ လိုအပ်တဲ့နည်းပညာများရှိခဲ့လို့ရှိရင် စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာနနဲ့ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်၊ နောက်တစ်ခုဖြစ်တဲ့ ဒေါ်နီနီလွင် (ရွှေအုပ်ဆောင်းလုပ်ငန်း) မှ တင်ပြချက် နဲ့ ပတ်သက်ပြီး တော့ ကျွန်တော် တို့ စက်မှုဝန်ကြီးဌာနနဲ့ပတ်သက်ပြီးတော့ ဈေးကွက်ရရှိရေးဖြစ်လို့ အဲဒါနဲ့ ပတ်သက်ပြီး ကချင်ပြည်နယ် SME အေဂျင်စီရဲ့ Action Plan (၈)ချက်ထဲမှာ အချက်(၅)မှာ ဈေးကွက်ရရှိရေးနှင့် နိုင်ငံနတကာအဆင့်သို့ ဝင်ရောက်ရေးဆိုင်ရာ ဆောင်ရွက်ရမည့် အစီအစဉ်များ ပါဝင်ပြီးဖြစ်လို့ အဲဒီအစီစဉ်နဲ့အတူပါဝင်ဆောင်ရွက်လို့ရပါတယ်၊ ဒီထက်ပိုပီး

ဆောင်ရွက်လိုတယ်ဆိုရင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်ပေးပါမယ်။

၇။ ဦးဘင်ဂျမင်၏ နောက်ထပ်တင်ပြချက် တစ်ခုဖြစ်တဲ့ စက်မှုရပ်ကွက်ကနေ အားလုံးပါဝင်သော စက်မှုဇုန်တည်ဆောက်ပေးနိုင်မည့် အခြေအနေရှိ / မရှိ ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ၂၀၂၀ ပြည့်နှစ်၊ စက်မှုဇုန်ဥပဒေပုဒ်မ ၁၃ အရ စက်မှုဇုန်တစ်ခုတည်ထောင်ရာမှာ လိုအပ်သည့် အချက်များကို ရှင်းလင်း ဆွေးနွေး တင်ပြလိုပါတယ်–

- သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ရွေးချယ် အဆိုပြုသည့် စက်မှုဇုန်မြေနေရာအတွက် မြေယာကိစ္စလုပ်ငန်းများအား တည်ဆဲဥပဒေများနှင့် အညီရှင်းလင်းဆောင်ရွက်ခြင်း၊
- မြေယာကိစ္စ ဆောင်ရွက်ပြီးစီးပါက လိုအပ်သော အခြေခံအဆောက် အအုံများ ပါဝင်သည့် စက်မှုဇုန်အကောင်အထည်ဖော်ရေးပင်မစီမံကိန်း (Master Plan) နှင့် အတူ စက်မှုဇုန်တည်ထောင်ခွင့်အဆိုပြုတင်ပြချက်ကို တိုင်းဒေသကြီးအဆင့် ဒေသဆိုင်ရာစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီမှ ပြည်ထောင်စုအဆင့်သို့တင်ပြခြင်း ၊
- အဆိုပြုတင်ပြချက်ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြအတည်ပြုချက် ရယူပြီး စက်မှုဇုန်တည် ထောင်ရန် အတည်ပြုချက်အမိန့်ထုတ်ပြန် ဆောင်ရွက်ပေးခြင်းတို့ကို အဆင့်ဆင့် ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီးလို့လည်း သည်နေ့ နေ့လယ်မှာ အသေးစိတ် ဆောင်ရွက်ပေးဖို့ နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးနဲ့ ညွှန်ကြားရေးမှူးတစ်ဦးကိုခေါ်ယူထားပါတယ်။ တင်ပြချက်များနဲ့ပတ်သက်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ထပ် ကဆန်ထီကချင်သစ်ကြားသီးလုပ်ငန်းမှ ဒေါ်ထုံဖူးနင်ဒွေးရဲ့ဆွေးနွေးချက်အနေနဲ့ မြန်မာနိုင်ငံမှာ MSME များနဲ့ပတ်သက်လို့ ၂၀၁၂ခုနှစ်ကတည်းကစလုပ်လာတာမှာ ယနေ့အထိ ဆောင်ရွက်ရာမှာ

လက်တွေ့ ထိထိရောက်ရောက်မလုပ်ဆောင်နိုင်ခဲ့ပါဘူး၊ ယနေ့အချိန်မှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးကိုယ်တိုင်ဦးစီးပြီး MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ပထမအကြိမ်ပြုလုပ်ခဲ့ပါတယ်၊ဆက်လက်ပြီး လုပ်ငန်းကော်မတီအစည်းဝေးကိုလည်းပြုလုပ်ခဲ့ပါတယ်၊ သည်လိုနဲ့ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် တစ်စိုက်မတ်မတ်ဆောင်ရွက်ခဲ့တာမှာ သည်နေ့အထိ ဝန်ကြီးချုပ်ကြီးသွားရောက်ခဲ့တာမှာ (၁၁)ကြိမ်ထိရှိခဲ့ပြီးဖြစ်ပါတယ်၊ ကျွန်တော်တို့ဘာလုပ်ပေးမလည်းဆိုတာမှာ နည်းဥပဒေမှာ ပြဋ္ဌာန်းထားရှိပါတယ်၊ MSME များအနေနဲ့ ပူးပေါင်းဆောင်ရွက်လို့ရပါကြောင်း ဆွေးနွေးလိုပါတယ်၊ MSME များနဲ့ ပတ်သတ်လို့ရှိရင် (၁၀)တန်းမအောင်သေးတဲ့ကလေးတွေ၊ (၈)တန်းမအောင်သေးတဲ့ကလေးတွေနဲ့ပတ်သတ်ပီးလို့ရှိရင် စက်မှုဝန်ကြီးဌာနမှာ စက်မှုသင်တန်းကျောင်းကြီး(၆)ကျောင်းရှိပါတယ်၊ အဲဒီကျောင်းတွေမှာဆိုလို့ရှိရင် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သားတွေမွေးထုတ်ပေးလျက်ရှိပါတယ်၊ အဲဒီကျောင်းများမှာ လုပ်ငန်းရှင်များအနေနဲ့ တက်ရောက်လိုတယ်ဆိုရင် ကျောင်းအိပ်/ကျောင်းစားအနေနဲ့လက်ခံပေးပါမည်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်၊

၈။ ဦးသန်းဝင်း (မနောမြန်မာ စက်ရက္ကန်းလုပ်ငန်း) နဲ့ ဒေါ်စီစီရွယ်စန်းတို့ရဲ့တင်ပြချက်များအနေနဲ့ MSMSE လုပ်ငန်းများနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနက Focal Ministry အနေနဲ့ဆောင်ရွက်တာဖြစ်လို့ MSME လုပ်ငန်းများအနေနဲ့ လုပ်ငန်းကော်မတီနဲ့ဆက်စပ်နိုင်ဖို့ ကချင်ပြည်နယ်မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိပါတယ်၊ အဲဒီကဦးစီးမှူးနဲ့ ချိတ်ဆက်ပြီး လိုတဲ့အကူညီများကို တောင်းဆိုနိုင်ပါတယ်လို့ ပြောကြားရင်းနိဂုံးချုပ်ပါတယ်၊ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၏ ရှင်းလင်းဆွေးနွေးချက်**

၁။ အခမ်းအနားကို တက်ရောက်လာတဲ့သူများအပေါင်းတို့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ကျွန်တော်အနေနဲ့ ဦးစွာဂါရဝပြုပါတယ်၊ ကျွန်တော်ကတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဖြစ်ပါတယ်၊ ပထမဆုံးအနေနဲ့ ဆွေးနွေးတင်ပြလိုတာကတော့ ဦးအောင်သန်းထွန်းဦး ဆွေးနွေးသွားတဲ့ တရုတ်ကိုပစ္စည်းပို့တဲ့ လောင်စာတောင့်တွေအပေါ်မှာ တရုတ်ဘက်က ဂျူတီကောက်နေတဲ့ ကိစ္စ

ဖြစ်ပါတယ်၊ အဲဒီနဲ့ ပတ်သက်ပြီးဆွေးနွေးလိုပါတယ်၊ ပထမတစ်ချက်ကတော့ China Asean Free Trade Agreement အရ ကျွန်တော်တို့နိုင်ငံက သတ်မှတ်ထားတဲ့ ပစ္စည်းတွေကို ရာခိုင်နှုန်းပြည့် ပို့ကုန်ပစ္စည်းတွေက ၈၀ ရာခိုင်နှုန်းလောက်ရှိပါတယ်၊ အဲဒါတွေ က တရုတ်နိုင်ငံကိုပို့လို့ရှိရင် Custom Duty မကောက်ပါဘူး၊ အဲဒီလိုမကောက်ဘူး ဆိုသော်ငြား လည်းကျွန်တော်တို့ဘက်ကနေ Form E ပါ ဖို့လိုပါတယ်၊ Form E ဆိုတာ မြန်မာနိုင်ငံက ထုတ်တဲ့ပစ္စည်းမှန်ကန်ကြောင်းအထောက်အထားဖြစ်ပါတယ်၊ အဲဒီလက်မှတ်က ကျွန်တော်တို့ဝန်ကြီးဌာနကထုတ်ပေးပါတယ်၊ အဲဒီ Form E ပါမှသာလျှင် အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အရ အကောက်ခွန်ကင်းလွတ်ခွင့်ရှိမှာဖြစ်ပါတယ်၊ Form E ပါနေရက်နဲ့ ထပ်မံတိုးကောက်နေသေး တယ်ဆိုရင် ၂၀၂၃ခုနှစ် နှစ်ဆန်းပိုင်းမှာပြုလုပ်မယ့် တရုတ်-မြန်မာ Border Trade အစည်းအ ဝေးတွင် အထောက်အထားနှင့်တကွ ပြန်လည်တင်ပြဆွေးနွေးပြီးတော့ ဒီကနေပို့တဲ့ပစ္စည်းကို သက်သာခွင့်ရရှိအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်၊ အခွန်နဲ့ပတ်သတ်ပီး တရုတ်ဘက် ကကောက်ခံနေတဲ့ အခွန်(၂)မျိုးရှိပါတယ်၊ တစ်မျိုးက Custom ကနေကောက်တာဖြစ်ပြီး တစ်မျိုးက ဒေသန္တရအစိုးရက ကောက်ခံတာဖြစ်ပါတယ်၊ ဒေသန္တရအစိုးရကကောက်ခံတာဆိုရင် တော့ Form E နဲ့ ကင်းလွတ်ခွင့်မရနိုင်ပါဘူးဆိုတာ တင်ပြဆွေးနွေးလိုပါတယ်၊

၂။ ဒုတိယအချက်အနေနဲ့ ရွှေအုပ်ဆောင်းမှ ဒေါ်နီနီလွင်တင်ပြသွားတဲ့ ကန်ပိုက်တည်၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းများဖွင့်လှစ်ပေးဖို့ဆိုရာမှာ နယ်စပ်ဂိတ်များကို ကျွန်တော် တို့ဘက်မှပိတ်ထားခြင်းမဟုတ်ပဲ နှစ်နိုင်ငံသဘောတူညီမှုအရ ကိုဗစ် ၁၉ ရောဂါတားဆီးကာကွယ်ရေးအလို့ငှာ တရုတ်ဘက်ကပိတ်ထားခြင်းဖြစ်ပါတယ်၊ လွယ်ဂျယ်နယ်စပ်ဂိတ်ကို ယခုလ(၁၁) ရက်နေ့၌လည်းကောင်း၊ ကန်ပိုက်တည်နယ်စပ်ဂိတ်ကို(၁၂)ရက်နေ့၌လည်းကောင်း ဖွင့်လှစ်ပေးထားပြီဖြစ်ကြောင်းတင်ပြလိုပါတယ်။

၃။ တတိယအချက်ဖြစ်တဲ့ မနောမြန်မာ ဦးသန်းဝင်းတင်ပြသွားတဲ့ ၂/၈၀၊ ၂/၁၀၀ ချည်များကို ဈေးနှုန်းသက်သာစွာဝယ်ယူရရှိရေး ဆိုတဲ့တင်ပြချက်အပေါ် အစိုးရဘက်မှ တိုက်ရိုက်လုပ်၍မရပဲ သွယ်ဝိုက်၍ကူညီပေးလို့ရပါတယ်၊ အဲဒါကတော့ တစ်ဦးချင်းတင်သွင်းတာ မျိုး မဟုတ်ပဲ အဖွဲ့အစည်းတည်ထောင်၍ မှာယူပါက ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်

ပါတယ်၊ ဒါ့ကြောင့် တစ်ယောက်ချင်းမဟုတ်ပဲ စုပေါင်းအားဖြင့်ဆောင်ရွက်ကြရင်း ကျွန်တော်တို့ဝန်ကြီး ဌာနကနေ သွင်းကုန်တင်သွင်းခွင့်လိုင်စင်များ ထုတ်ပေးကူညီဆောင်ရွက်ပေးသွားမှာဖြစ် ကြောင်းတင်ပြလိုပါတယ်၊

၄။ ဆက်လက်ပြီး ဝိုင်းမော်မှ ဆန်စက်ပိုင်ရှင် ဦးဆန်းလင်းတင်ပြသွားတဲ့ စက်သုံးဆီများ ကျဆင်းရေးနှင့်ပတ်သတ်ပီး ယခုနှစ်ထဲတွင် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုမှာ မြန်မာတစ်နိုင်ငံ ထဲမဟုတ်ပဲ တစ်ကမ္ဘာလုံးမြင့်တက်နေခြင်းဖြစ်ကြောင်း၊ ယခု နှစ်စက်သုံးဆီတင်သွင်းရာမှာ နိုင်ငံခြားငွေသုံးစွဲမှုမှာ ယခင်နှစ်ထက်နှစ်ဆဖြစ်ကြောင်း၊ စက်သုံးဆီမြင့်တက်မှုမှာ အထိုက်အ လျောက်သာဖြစ်ကြောင်း၊ ပတ်ဝန်းကျင်နိုင်ငံများနှင့် ယှဉ်လျှင်မြန်မာနိုင်ငံမှာ ပိုမိုသက်သာပါ ကြောင်းဖြင့် ဆွေးနွေးပြောကြားပါသည်။

၅။ နောက်ဆုံးတင်ပြလိုတာကတော့ ကျွန်တော်တို့ စီးပွားရေးနဲ့ ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနကတော့ ပို့ကုန်လုပ်ငန်းနဲ့သွင်းကုန်လုပ်ငန်းများကို အဓိကတာဝန် ယူထမ်းဆောင်ရ တဲ့ ဝန်ကြီးဌာနဖြစ်ပြီး ကုန်သွယ်မှုနဲ့ပတ်သတ်ပြီးတော့ ဦးအောင်သန်းထွဋ်ဦး လိုကိစ္စရပ်များ ပေါ်ပေါက်လာပါက မမျှမတဖြစ်ရပ်များကို ညှိနှိုင်းဆောင်ရွက်နိုင်ရန်ကျွန်တော်တို့ကို ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရှင်းလင်းဆွေးနွေးချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တစ်ကွ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီး များ၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ MSME လုပ်ငန်းရှင်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး** ဖြစ်ပါတယ်။

၂။ ယနေ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ကျင်းပပြုလုပ်တဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား၊ MSME လုပ်ငန်းရှင်များ နှင့် တွေ့ဆုံဆွေးနွေးပွဲမှာ လက်ရှိသတ်မှတ်ထားသည့် မူဝါဒ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးအတွက် ကျွန်တော်တို့ ဝန်ကြီးဌာနနှင့် MSME လုပ်ငန်းများနှင် ဆက်စပ်ဆောင်ရွက်နေတာတွေနဲ့ ပတ်သတ်ပြီး ရှင်းလင်းတင်ပြသွားပါမယ်။ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနသည် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍမှာ အဓိက အကောင်ထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်မှာ စိုက်ပျိုးမှု အနေနဲ့ အဓိကသီးနှံ (၁၀) မျိုးရှိပါတယ်။ စပါးအမျိုးမျိုး၊ ကြက်ပေါင်စေး၊ နှမ်း၊ ပဲအမျိုးမျိုး၊ ပီလောပီနံ၊ အစ့ထုတ်ပြောင်း၊ လက်ဖက်နဲ့ ပဲပုတ်တို့ဖြစ်ပါတယ်။ MSME ဆိုတာအသေးစား၊ အငယ်စား နှင့် အလတ်စားလုပ်ငန်းများဖြစ်ပြီး ကျွန်တော်တို့စိုက်ပျိုးရေး၊ မွေးမြူရေးမှာလည်း အသးစား၊ အငယ်စား၊ အလတ်စားဆိုတာရှိလို့ ကျွန်တော်တို့နှင့်ဆက်စပ်ပြီး တိုးတက်အောင် ဆောင်ရွက်သွားနိုင်လျှင် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှာပါဖြစ်ပါတယ်။ စိုက်ပျိုးရေး အတွက်လဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလိုအပ်သလို လူ့စွမ်းအား အရင်း အမြစ်လိုအပ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ပတ်သတ်လို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများဖွင့်လှစ်ဖို့ နိုင်ငံတော် အကြီးအကဲလမ်းညွှန်ချက်နဲ့အတူ လာမည့်ပညာရေးနစ်မှာ စတင်ပြီးတော့ ကျောင်းတွေဖွင့်လှစ် မှာဖြစ်ပါတယ်၊ အလယ်တန်းအဆင့် စိုက်ပျိုးမွေးမြူရေးပညာရှင်ဖော်ထုတ်ဖို့ စိုက်ပျိုးရေးသိပ္ပံ ကျောင်း(၁၅)ကျောင်းရှိပါတယ်။ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်အရလည်း ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလပိုင်းလောက်မှာ မွေးမြူရေးသုတေသနဦးစီးဌာနကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

၃။ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လယ်ငါးဖမ်းလုပ်ငန်းတွေရှိတယ်၊ အဲဒီကနေပြီး တော့ တစ်နှစ်ဝင်ငွေ ဒေါ်လာသန်း(၈၀၀) ကျော်ဝင်ငွေရပါတယ်။ ငါးသိပ္ပံကျောင်းကိုလည်း ရေတိုမဟုတ်ပဲ ရေရှည်ဖွင့်လှစ်နိုင်ရန် နိုင်ငံတော်အကြီးအကဲများရဲ့လမ်းညွှန်ချက်နဲ့ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ မွေးမြူရေးနှင့် ပတ်သက်သည့် အသေးစား၊ အငယ်စားနှင့်

## ၁၆

အလတ်စားလုပ်ငန်းများရှိပါတယ်။ နွား၊ ကြက်၊ ဝက်မွေးမြူရေးတွေတိုးချဲ့ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အကြီးအကဲမှတိုက်တွန်းလမ်းညွှန်ခဲ့ပါတယ်။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည်MSME လုပ်ငန်းများကို တစ်ဖက်တစ်လမ်းကနေ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ရှင်းလင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

နောက်ဆက်တွဲ(ဃ)

## တွေ့ဆုံဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံများ












## လှည့်လည်အားပေးကြည့်ရှုခြင်း မှတ်တမ်းဓာတ်ပုံများ

















## ထုတ်ကုန်များခင်းကျင်းပြသထားမှု မှတ်တမ်းဓာတ်ပုံများ




